
ဘာသာပြန် စာရေးဆရာ - 8Black Hands
သက်တန့်ရောင်မိန်းမပျို
(ယွီရှောင်ချောင်း)
(Chapter 617 - 630)
စာစဉ် - ၄၅

## အပိုင်း ၆၁၇
## တစ်ခုခုကို မေ့နေတယ်

သူ့ဇနီးရဲ့ မေးခွန်းထုတ်နေသော အကြည့်ကို မြင်လိုက်ရတော့ တတိယ သခင်လေးကျိုးခမျာ ရယ်ရမလို ငိုရမလို ဖြစ်သွားရသည်။ သူ့ဇနီးက ဘယ်သူ့ဘက်ကလဲ။

သူ့ဇနီးလေးရဲ့ လက်ကို ကိုင်ပြီး စိတ်ရှည်လက်ရှည်နှင့် ရှင်းပြလိုက်သည်

"အဲ့ဒီအချိန်က ယွီမိသားစုခမျာ ပင်မမိသားစုကြီးကနေ ခွဲထွက်လာခါစဆိုတော့ ငွေကြေး ချွတ်ခြုံကျနေတာလေ သူတို့ စားသောက်ဆိုင် ဖွင့်ချင်ခဲ့ရင်တောင် ငွေအရင်းအနှီးမှ မရှိတာ။ ညီမလေး ရှောင်ချောင်းက ကိုယ့်ဆီ ဟင်းချက်နည်းတွေ ရောင်းပြီး သူမ လုပ်ချင်တာလုပ်ဖို့အတွက် ဖြည်းဖြည်းချင်း ငွေတွေ စုဆောင်းခဲ့တာ လူတိုင်းက မင်းလိုမျိုး ဆိုင်ပြင်ဆင်ပေးမယ့် မိသားစုနဲ့ မင်း စိတ်ကြိုက် အသုံးပြုလို့ရတဲ့ ကုန်ပစ္စည်းတွေ ရှိတယ်များ ထင်နေတာလား"

သူ့စကားတွေကို ကြားတဲ့အခါ ဟွမ်ရှုယာရဲ့ မျက်နှာက အနည်းငယ် ပူတက်သွားသည်။ သူမဆိုင်တွေ အောင်မြင်နေတာက သူမမှာ လုပ်ငန်းလုပ်ကိုင်ဖို့ အရည်အချင်းရှိတာကြောင့်ဟု အမြဲ တွေးထင်နေခဲ့မိသည်။ အခုတော့ သူမအဖေနှင့် အစ်ကိုတွေကို အားမကိုးဘဲ အများကြီး အောင်မြင်နိုင်မည့်ပုံ မပေါ်ပေ။ သူမကိုယ်တိုင်ထက် ငယ်ပေမယ့် အောက်ခြေက စတင်ခဲ့ကာ အံ့သြဖွယ်ကောင်းချီးတွေ တစ်ခုပြီးတစ်ခု ဖန်တီးနိုင်သည့် ယွီမိသားစုက ထိုကောင်မလေးကို သူမစိတ်ထဲမှ လှိုက်လှိုက်လှဲလှဲ လေးစားအားကျနေ

မိသည်။

"မိန်းကလေးယွှိက အသက်ဆယ်နှစ်တောင် မပြည့်သေးခင်ကတည်းက သူမမိသားစုကို ထောက်ပံ့ဖို့ ငွေစရှာခဲ့တာလို့ ကျွန်မကြားတယ် အာ တကယ် မလွယ်ကူဘူးပဲ"

ဟွမ်ရှူယာ၏ နှလုံးသားလေးက သူမ လေးစားအားကျရသူအတွက် နာကျင်ခံစားနေရလေသည်။

တတိယသခင်လေးကျိုးက ဤကဲ့သို့ ရှင်လန်းတက်ကြွပြီး အပြစ်ကင်းစင်ကာ အူကြောင်ကြား အကျင့်စရိုက်လေးနဲ့ သူ့ဇနီးလေးအား လက်ထပ်လိုက်ရသည်ကို ကျေနပ်ပျော်ရွှင်နေမိသည်။ အရင်ကတည်းက သူ့ဇနီးကို ကောင်းကောင်းမွန်မွန် ဆက်ဆံဖို့ စိတ်ဆုံးဖြတ်ပြီးသား ဖြစ်ပေမယ့် တစ်ဖက်လူက အဆင်ပြေပြေ ပေါင်းသင်းဖို့ ခက်ခဲပြီး သူ မကြိုက်တဲ့ အကျင့်စရိုက်မျိုး ရှိနေမယ်ဆိုရင် သူလုပ်နိုင်တာ ဘာမှရှိမည် မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ကျိုးမိသားစု ခေါင်းဆောင်တစ်ယောက်အနေနဲ့ သူ့အချိန်အများစုကို မိသားစုနဲ့ လုပ်ငန်းအပေါ်မှာပဲ ကုန်ဆုံးဖို့ ကံပါလာပြီးသား ဖြစ်သည်။ တစ်ဖက်လူနဲ့ အံဝင်ခွင်ကျဖြစ်လာစေဖို့ သူ့မှာ အချိန်ပိုဘယ်လိုလုပ်ရှိမှာလဲ။

အခုချိန်မှာတော့ သူ့နှလုံးသားလေးက တစ်ခါခါ လိမ္မာပါးနပ်ပြီး တစ်ခါခါ အူကြောင်ကြောင်နိုင်တတ်တဲ့ မိန်းမပျိုလေးအတွက် တဒုတ်ဒုတ် ခုန်နေသည်။ သူ့မျက်နှာပေါ်မှ အပြုံးသည်ပင် ပိုပြီးတော့ စစ်မှန်လာရသည်။ မိန်းမပျိုလေး၏ ရှက်သွေးဖြာနေသော မျက်နှာကို ကြည့်ရင်း သူမအား စနောက်ချင်စိတ် ရုတ်တရက် ပေါ်လာတာကြောင့် လေးတွဲ့တွဲ့အမူအရာနှင့် ကြည့်ကာ

"ဇနီးလေး ကိုယ်တို့ ညီမလေးရှောင်ချောင်းအကြောင်း မပြောဘဲ နေလို့မ

ရဘူးလား"

"ကျွန်မတို့ မိန်းကလေးယွှီအကြောင်း မပြောရင် ဘာပြောကြမှာလဲ... ဒါကို ချွတ်ဖို့ ကျွန်မကို မြန်မြန် ကူညီပေးဦး ကွဲသွားရင် ဘယ်လိုလုပ်မလဲ ဒါက မိန်းကလေးယွှီ ကျွန်မကို ပေးထားတဲ့ ပစ္စည်း!!"

ဟွမ်ရှုယာက ကျောက်စိမ်းဆွဲပြားအား အသေချည်ထားသည်ကို ဖြေဖို့ ခေါင်းငုံ့လျက် ခက်ခက်ခဲခဲ ကြိုးပမ်းနေပြီး သူမခေါင်းကို မော့ပင် မော့မလာချင်တော့ပေ။

သူမဘေးမှာ ခစားနေသော သူမရဲ့ ကိုယ်ပိုင်အစေခံက စိုးရိမ်တကြီး ဖြစ်သွားရသည်

'သခင်မလေး ဘာလုပ်နေတာလဲ သခင်လေးကို ဂရုမစိုက်ဘဲ သူမကိုယ်ပိုင်ကိစ္စရပ်တွေပဲ အာရုံစိုက်နေလို့ အဆင်ပြေပါ့မလား။ သခင်လေးက သခင်မလေးကို မကျေမနပ်ဖြစ်နေရင် ဘယ်လိုလုပ်မလဲ မင်္ဂလာမဆောင်ခင် သခင်မက သခင်မလေးကို ဒေါသထိန်းပြီး သူမခင်ပွန်းကို ဦးစားပေးဖို့ အတန်တန် မှာထားတဲ့ဟာကို အိမ်က ထွက်ထွက်ချင်း ဘယ်လိုလုပ် မေ့သွားရတာလဲ'

အစေခံမလေးက သူမသခင်မလေးကို သတိပေးဖို့ အကြိမ်ကြိမ် ကြိုးစားပေမယ့် တတိယသခင်လေးကျိုးရဲ့ အကြည့်ကြောင့် ရပ်တန့်သွားသည်။ သူ့ဇနီး သူ့ကို ပြန်အာရုံစိုက်လာစေဖို့အတွက် ရွေးချယ်စရာ မရှိပါဘဲ ရှောင်းချောင်းနာမည်ကိုသာ သုံးလိုက်ရသည်

"များသောအားဖြင့် မင်း အဝတ်အစားလဲရင် ကူညီပေးမယ့် အစေခံတွေ အများကြီးရှိနေတဲ့ဟာကို ဘယ်လိုများ ကွဲသွားနိုင်မှာလဲ ပြီးတော့ အဲ့ဒီကောင်မလေးက နှစ်တော်တော်ကြာအောင် ပိုက်ဆံ အများကြီး ရှာလာခဲ့တာပဲ အဲ့တာ ပျက်စီးသွားရင်လည်း ငါတို့ ညီမလေးကိုပဲ အစား ပြန်ပေး

ခိုင်းလိုက်တာပေါ့"

"ရှင်ကတော့ လွယ်လွယ်လေးပြောနေတာပဲ ဒီကျောက်စိမ်းဆွဲပြားဝယ်ဖို့ အနည်းဆုံး လျှန်တစ်သောင်း ပေးရင်တောင် ဝယ်လို့ရဖို့ ခဲယဉ်းတယ်ရှင့်။ ဒီလို အရည်အသွေးမြင့် ကျောက်စိမ်းတုံးကို လူတကာ မသိခင် ထိန်းသိမ်းထားမှ ရမှာ လူတွေ တုပြိုင်ပြီး ရယူချင်ရင်တောင် ရမှာမဟုတ်ဘူး!! ရှင်တို့ နှစ်ယောက်မှာ ရင်းနှီးတဲ့ ဆက်ဆံရေးရှိတယ်ဆိုတိုင်း မိန်းကလေးယွီကို အခွင့်ကောင်းမယူပါနဲ့"

ဟွမ်ရှုယာက ယွီရှောင်ချောင်းဘက်ကနေ ရှေ့နေလိုက်ပေးနေသည်။

"တတိယမြောက်နေ့ မင်းမိဘတွေရဲ့အိမ်ကို သွားနှုတ်ဆက်ပြီး ပြန်လာတဲ့ အခါကျရင် ကိုယ် မင်းကို ယွီအိမ်တော်ဆီ ခေါ်သွားပေးပြီး ညီမလေးရှောင်ချောင်းနဲ့ မိတ်ဆက်ပေးဖို့ စီစဉ်ထားတယ်။ ကျောက်စိမ်းဆွဲပြားနဲ့ လက်ကောက်ကို သိမ်းထားလိုက်ရင် ညီမလေးရှောင်ချောင်းက မင်း သူမပေးတဲ့ လက်ဆောင်တွေ မကြိုက်ဘူးလို့ အထင်မှားသွားနိုင်တယ်လေ သူမ တော်တော်လေး ကြေကွဲသွားလောက်မှာ တခြားသူတွေပေးတဲ့ လက်ဆောင်ကို အသုံးပြုတာက လက်ဆောင်ပေးတဲ့သူကို တန်ဖိုးထား အသိအမှတ်ပြုကြောင်း ပြသရာရောက်တယ်လေ မင်းသဘောတူတယ်မလား"

တတိယသခင်လေးကျိုးက မှျားစာ အနည်းငယ် ချလိုက်သည်။

သိပ်သေချာတာပေါ့ ငါးလေးကို မိသွားပြီ!! ဟွမ်ရှုယာက လွန်စွာ စိတ်လှုပ်ရှားသွားကာ သူ့လက်မောင်းကို အားတက်သရော ဆွဲကိုင်ရမ်းလိုက်ရင်း စိတ်လှုပ်ရှားမှုပြည့်နေသော အသံဖြင့် မေးလာသည်

"တကယ်လား ရှင်ကျွန်မကို လိမ်နေတာ မဟုတ်ဘူးမလား မိန်းကလေးယွီနဲ့တွေ့ဖို့ ကျွန်မကို ခေါ်သွားပေးမှာလား ကောင်းလိုက်တာ! နောက်ဆုံး

တော့ မိန်းကလေးယွိနဲ့ စကားပြောခွင့်ရတော့မယ် သူမရဲ့ အဆာသွပ်မုန့်တွေကို နှစ်သက်တဲ့အကြောင်း ပြောပြရမယ် အထူးသဖြင့် အသစ်ထုတ်ထားတဲ့ ချောကလက်မုန့်ပဲ 'အလှပန်းတို့ ဖူးပွင့်ရာ'က အသားအရေထိန်းသိမ်းရေးထုတ်ကုန် အကုန်လုံးလည်း ကျွန်မ ဝယ်သုံးတယ် အဲ့ဒီထုတ်ကုန်တွေ သုံးပြီးနောက်ပိုင်း ကျွန်မအသားအရေ ပိုဝင်းပပြီး နူးညံ့လာတာ သူမမိသားစုရဲ့ သစ်သီးဝိုင်တွေကိုလည်း သဘောကျတယ် သစ်သီးဝိုင်တွေက အရမ်း အရမ်း အရသာရှိတာ!! ကျွန်မရဲ့ မိဘတွေကိုတောင် ကျွန်မရဲ့ ခန်းဝင်ပစ္စည်းတွေထဲမှာ သူမ မိသားစုက ထုတ်တဲ့ ဆေးတွေနဲ့ ဆေးရည်တွေအများကြီး ထည့်ပေးဖို့ တောင်းဆိုထားတာ..."

မိန်းမပျိုလေးက ရွှင်မြူးစွာနှင့် သူ့ကို မရပ်မနား စကားတွေပြောနေတော့သည်။ တတိယသခင်လေးကျိုးခမျာ သူမစကားတွေကို မည်သို့ တုန့်ပြန်ရမည်ပင် မသိတော့ပေ။ အစက မိန်းမပျိုလေး၏ အာရုံစိုက်ခြင်းကို ရယူနိုင်တော့မယ်လို့ တွေးထားခဲ့ပေမယ့် အခု တစ်ဖက်လူမှာ သူ့ညီမလေးကိုပဲ အာရုံထားနေဆဲဖြစ်သည်။ အင်း... သူတကယ် မေးချင်မိသည် 'ဇနီးလေး ကိုယ်နဲ့ ညီမလေးရှောင်ချောင်း တစ်ယောက်ပဲ ရွေးချယ်လို့ရမယ်ဆို ဘယ်သူ့ကို ရွေးမှာလဲ'ဆိုပြီးတော့ပေ့ါ။ သို့သော် သူ မလိုချင်သည့်အဖြေအား ထုတ်ဖြေလာမည်စိုးတာကြောင့် သူ မမေးရဲပါချေ။

တတ်ယသခင်လေးကျိုးတစ်ယောက် ယောင်ဝါးဝါးနှင့်သာ သဘောတူလိုက်ရတော့သည်

"အင်း ယောက္ခမကြီးတို့က အတော်လေး တိကျသေချာမှုရှိတာပဲ မင်းအတွက် အသုံးများတဲ့ ဆေးဝါးတွေတောင် ပြင်ဆင်ပေးလိုက်တယ် ဒါပေမယ့် ဇနီးလေး ကိုယ်တို့မိသားစုမှာလည်း ဆေးလုံးနဲ့ ဆေးရည်တွေ လစ်ဟင်းမနေပါဘူးနော်။ ပြီးတော့ ညီမလေးရှောင်ချောင်းကိုယ်တိုင် လုပ်

ပေးထားတာတွေ ချည်းပဲ ဆေးအာနိသင်က ဆေးဆိုင်မှာ ရောင်းတာတွေ ထက်တောင် ပိုဆေးစွမ်းထက်သေးတယ်"

"ဝါး မိန်းကလေးယ္တိကိုယ်တိုင် ဖော်စပ်ထားတဲ့ ဆေးလုံးနဲ့ ဆေးရည်တွေလား ရှင် ကျွန်မကို ပြလို့ရမလား တုန်ရန်ဆေးတိုက်မှာ ရောင်းတဲ့ဆေးတွေနဲ့ အရသာတူလား မြည်းကြည့်ချင်လို့ ဆေးနှစ်လုံးလောက် ပေးပါလား..."

မိန်းမပျိုလေး၏ မျက်လုံးတို့က သူ့ကို မျှော်လင့်တကြီး ကြည့်ရင်း ရွှန်းလဲ့တောက်ပနေသည်။ သူမ အမူအရာက တောင်းဆိုမှုကို ငြင်းဆိုရန်ပင် အခက်တွေ့စေသည်။

တတိယသခင်လေးကျိုးက ချက်ချင်း မျက်နှာမှင်သေသေဖြစ်သွားသည်

'ဒါကဆေး၊ သကြားလုံး မဟုတ်ဘူး မင်းက ဒါကိုတောင် မြည်းကြည့်ချင်တာလား'

ညီမလေးရှောင်ချောင်း နာမည်ကြားတိုင်း အရှုးအမူးဖြစ်နေသော သူ့ဇနီးအူကြောင်ကြားလေးကို ဒီလို ဆက်ထားလို့ မဖြစ်တော့ပေ။

"ဇနီးလေး မင်း တစ်ခုခုမေ့ နေသလားလို့"

တတိယသခင်လေးကျိုးက ရှေ့တိုးလျက် သူ့ခေါင်းကို နှိမ့်ကာ တောက်ပနေသော မျက်ဝန်းအစုံနှင့် မျက်နှာသေးသေးလေးကို စူးစိုက်ကြည့်လိုက်သည်။

"ဘာကြီးလဲ"

ဟွမ်ရှုယာက အကြိမ်ကြိမ် မျက်တောင်ခတ်၍ လေးလေးနက်နက် စဉ်းစားကြည့်လိုက်သည်။ သူမ လက်မထပ်ခင်တုန်းက လိုအပ်တာတွေ အကုန်လုံး သူမနဲ့ တစ်ပါတည်း အတူ ယူလာခဲ့ပြီး သူမ မိဘနှင့် အစ်ကိုတွေက သူမအတွက် ခန်းဝင်ပစ္စည်းတွေ တခမ်းတနား ပြင်ဆင်ပေးခဲ့သည်။

သူမ စီမံခန့်ခွဲတဲ့ ဆိုင်တွေအကုန်လုံးလည်း လက်ဖွဲ့အနေနဲ့ ပါဝင်သည်။ သူမ အချစ်တော် ပီကင်းခွေးဖြူလေးကိုတောင် ခေါ်လာခဲ့သေးတာ။ သူမ ဘာမှ မေ့ကျန်ခဲ့တဲ့ပုံ မပေါ်ပါဘူး ဟုတ်တယ်မလား။ သူမ တစ်ခုခု မေ့ကျန်ခဲ့ရင်တောင် ဟွားရင်ကို ပြန်သွားယူခိုင်းလို့ရသည်။

ဟွမ်ရှုယာက နှစ်စက္ကန့်မျှ လေးလေးနက်နက် စဉ်းစားပြီးနောက် အရှုံးပေးလိုက်သည်။ သူမက ဒီကနေ့ရဲ့ သတို့သားဖြစ်သူကို အနည်းငယ် ဝေခွဲမသိသောအကြည့်ဖြင့် ကြည့်လိုက်သည်။ အင်း အနီရောင် ဝတ်ထားရင် ခါတိုင်းထက် ပိုကြည့်ကောင်းပြီး မတူကွဲပြားတဲ့ခံစားချက်ရစေတာပဲ။

"မဟုတ်ဘူး ဒီညက ဘာညလဲဆိုတာ မင်းမေ့နေတာ"

တတိယသခင်လေးကျိုးက ထပ်မံ နီးကပ်လာပြီး သူတို့ခန္ဓာကိုယ်တွေက တစ်ဦးနှင့်တစ်ဦး ထိကပ်လုနီးပါးပင်။ ဟွမ်ရှုယာက သူမရင်ဘတ်နှင့် ဖိကပ်သွားမှာကို ရှောင်ရန်အတွက် ခန္ဓာကိုယ်အပေါ်ပိုင်းကို နောက်သို့ ယိုင်လိုက်၏။

သို့သော် ဟွမ်ရှုယာက သူ့ရဲ့ဆိုလိုရင်းကို ချက်ချင်း သဘောမပေါက်ဘဲ ပြတ်ပြတ်သားသား ပြောလာသည်

"ကျွန်မ မမေ့ပါဘူး ဒီနေ့က ကျွန်မတို့ မင်္ဂလာဆောင်တဲ့နေ့လေ ကြည့်လိုက် ကျွန်မတို့ မင်္ဂလာဝတ်စုံတွေတောင် မချွတ်ရသေးဘူး"

တတိယသခင်လေးကျိုးက ရယ်မောလျက် သူမရဲ့ သေးသွယ်သောခါးလေးကို လက်နှင့် ပွေ့ဖက်လိုက်ပြီး အသံ ခပ်တိုးတိုးပြောလာသည်

"ဒီနေ့က ကိုယ်တို့ မင်္ဂလာဦးညဆိုတော့ မသက်ဆိုင်တဲ့ အကြောင်းအရာတွေ မပြောကြရအောင်လေ ဇနီးလေး မင်းရဲ့ မင်္ဂလာဝတ်စုံကို ချွတ်ချင်လား မင်းရဲ့ခင်ပွန်းက မင်းကို ကူချွတ်ပေးရမလား"

တတိယသခင်လေးကျိုး ဟွမ်ရှုယာဆီ ပိုနီးနီးကပ်ကပ် တိုးသွားသောအခါ အခန်းထဲရှိ အစေခံတို့က အလိုက်တသိနှင့် သခင်မလေး၏အစေခံတို့အား အပြင် ခေါ်ထုတ်လိုက်သည်။ ထိုအချိန်တွင် အခန်းထဲ၌ လက်ထပ်ပြီးခါစ လင်မယားနှစ်ယောက်သာ ကျန်ရှိတော့သည်။

ဟွမ်ရှုယာ၏မျက်နှာက ရုတ်တရက် နီမြန်းသွားပြီး ရှက်ရှက်နှင့် အကြည့်လွှဲလိုက်၏။ မင်္ဂလာမဆောင်ခင် တစ်ညအလိုက သူမအမေသည် လက်ထပ်ပြီး လင်မယားနှစ်ယောက်အကြားက ကိစ္စရပ်တွေကို အကြမ်းဖျင်း ပြောပြထားပြီးဖြစ်သည်။ သို့သော် လက်ထပ်ပြီးခါစ သူမ ခင်ပွန်းရှေ့တွင်မူ ဘာလုပ်ရမယ်မသိ ဖြစ်ပြီး ဘယ်ကို ကြည့်ရမှန်းပင် မသိတော့ပေ။

မင်္ဂလာဦးည၏ အခိုက်အတန့်တိုင်းက အဖိုးတန်လှသည်။ ဤသို့လှပသောညနှင့် အလှတရားကို တတိယသခင်လေးကျိုးတစ်ယောက် ဘယ်လိုလုပ် ဖြုန်းတီးပစ်နိုင်မှာလဲ။ အဲ့ဒီနောက်မှာတော့ ဟွမ်ရှုယာခမျာ သူမလေးစားအားကျရသူအကြောင်း တွေးတောနေဖို့ အချိန်မရှိတော့ပေ။ သူမရဲ့မင်္ဂလာဦးညကို ရှက်ရွံ့မှု၊ နာကျင်မှုတို့ဖြင့် ပျော်ရွှင်ဖွယ် ကုန်ဆုံးခဲ့ပါတော့သည်။

အဲ့ဒီနောက်မှာတော့ လူကြီးသူမတို့ကို လက်ဖက်ရည် တည်ခင်းဧည့်ခံပြီး မိသားစု၏ ရှုပ်ထွေးသော ဆက်ဆံရေးနှင့် ဆွေမျိုးတွေအကြောင်း သိရှိအောင် ပြုလုပ်ရသည်။ မင်္ဂလာအခမ်းအနား သုံးရက်မြောက်နေ့တွင် သူမ၏ မွေးမိသားစုအိမ်သို့ အလည်သွားရသည်။ နှစ်သစ်ကူးပွဲတော်ချိန် နီးကပ်လာသည်နှင့်အမျှ ဒုတိယအခွဲမိသားစု၏ ကိစ္စရပ်တွေကို စီမံခန့်ခွဲရန်လည်း တာဝန်ယူရတာကြောင့် နှစ်သစ်ကူးပွဲတော် ကျင်းပဆင်နွဲရန်အဖို့ အသေးစိတ်ကိစ္စတွေကို သူ့ယောက္ခမနှင့် ဆွေးနွေးတိုင်ပင်ရ၏။ အရာအားလုံး ဌာန်ကရိုဏ်းကျသွားပြီး နောက်ဆုံးမှ သူမတို့ မင်္ဂလာဦးညက သူမ

လေးစားအားကျသူနှင့် မိတ်ဆက်ပေးမည်ဟု သူမခင်ပွန်း ကတိပေး ထားသည်ကို သတိရသွားတော့သည်။ ထိုအချိန်၌ နှစ်လကျော်ပင် ကုန် လွန်သွားပြီ ဖြစ်သည်။

မင်္ဂလာဆောင်က ပြန်လာပြီးတဲ့နောက်မှာ ရှောင်ချောင်းက သူမမိဘတွေ ရှိရာ ထန်ကူမြို့ဆီသို့ ပြန်လာခဲ့သည်။ နှစ်သစ်ကူးအချိန်အခါ နီးကပ်လာ သည်နှင့်အမျှ ထန်ကူမြို့ရှိ ဖန်လုံအိမ်စိုက်ပျိုးရေးမှ ဟင်းသီးဟင်းရွက် လုပ်ငန်းသည်လည်း ပိုမို အကျိုးအမြတ် တိုးပွားလာသည်။ ကံကောင်းစွာ နှင့် တော်ဝင်မင်းသားယန် စေလွှတ်လိုက်သော ကြီးကြပ်ရေးမှူးက အတော်လေး စွမ်းဆောင်ရည်ရှိသည်။ ယခု ယွီဟိုင်နှင့် သူ့သားက နေ့စဉ် ဆောင်ရွက်ချက်တွေကို ကြည့်ရှုစစ်ဆေးရန် လူတစ်ယောက်သာ လွှတ်ဖို့ လိုသည်။ ဖန်လုံအိမ်စိုက်ပျိုးရေး ဟင်းသီးဟင်းရွက်ခင်းဖြစ်စေ၊ အပင်ပျိုး ခြင်းလုပ်ငန်း ဖြစ်စေ ကြီးကြပ်ရေးမှူးတင်းက အစီအစဉ်တကျနှင့် ကောင်းကောင်းမွန်မွန် စီစဉ်ထားပြီးဖြစ်သည်။

ကြီးကြပ်ရေးမှူးတင်းက မင်းသားကျင်း အိမ်တော်ရှိ စွမ်းဆောင်ရည် အကောင်းဆုံး ကြီးကြပ်ရေးမှူးများထဲမှ တစ်ယောက်ဖြစ်သည်။ ရှောင် ချောင်းက သူမအဖေခမျာ အပင်ပျိုးလုပ်ငန်းစဉ်နဲ့ ဖန်လုံအိမ် စိုက်ပျိုးရေး တွေ တာဝန်ယူလုပ်ကိုင်ရပြီး အလုပ်များလွန်းနေတာမို့ တစ်ခါတစ်ခါ ထမင်းလွတ်ကာ တော်တော်လေး ပိန်ကျသွားသည်ဟု အမှုမဲ့အမှတ်မဲ့ ကျူး ကျွင်းယန်အား ပြောပြလိုက်မိသည်။ ပြောပြနေစဉ်မှာ သူမမျက်နှာလေးက ညှိုးငယ်နေတာကြောင့် ညှာတာတတ်ပြီး လွန်စွာ ချစ်မြတ်နိုးတတ်တဲ့ ကျူး ကျွင်းယန်မှာ သေချာပေါက် သူ့ရဲ့ ချစ်မြတ်နိုးရသူကောင်မလေး မရွှင်မပြ ဖြစ်နေသည်ကို ဒီတိုင်း ကြည့်မနေနိုင်ပါပေ။ ထို့ကြောင့် ကျူးကျွင်းယန်က ကြီးကြပ်ရေးမှူးတင်းကို စေလွှတ်ပေးခဲ့သည်။

ကြီးကြပ်ရေးမှူးတင်းက ယာယီ ကူညီပေးနေခြင်းသာဖြစ်သည်။ သူ့နေရာကို ယူနိုင်မည့် စွမ်းဆောင်ရည် ပြည့်ဝသူတစ်ယောက် ရှာတွေ့ပါက မြို့တော်သို့ပြန်ပြီး တော်ဝင်မင်းသားယန် လက်အောက်မှ လုပ်ငန်းအချို့ကို စီမံခန့်ခွဲရမည်ဖြစ်သည်။

ကျူးကျွင်းယန်က ယွီရှောင်ချောင်းဆီမှ စီးပွားရေး အခွင့်အလမ်း အကြံဉာဏ်သစ်တွေ ရရှိပြီးနောက်မှာ အနောက်တောင်ဘက်ရှိ မြေရိုင်းဒေသတွေဆီသို့ စူးစမ်းလေ့လာသူအဖွဲ့တစ်ခု စေလွှတ်ခဲ့သည်။ သူမက အိမ်ကနေ တစ်ခါမှ မထွက်ခွာဖူးပေမဲ့ ကမ္ဘာကြီးအကြောင်း မျိုးစုံကို သိနေတဲ့ ရှောင်ချောင်းရဲ့အစွမ်းကို သူ ဘယ်တုန်းကမှ သံသယမဝင်ခဲ့ပါချေ။ သူမရဲ့ အံ့ဖွယ်ကျောက်တုံးလေးက သူမကို ပြောပြထားတာ ဖြစ်တာကြောင့် သေချာပေါက်မှန်နေမည်ပင်။ သို့ပေမယ့် ဒီလုပ်ငန်းက အချိန်တိုအတွင်း တည်ထောင်လို့ရနိုင်သည့် လုပ်ငန်းမျိုးမဟုတ်ပေ။

သို့သော် လုပ်ငန်းပြီးစီးသွားလျှင်တော့ မြို့တော်ရဲ့ အစွန်ပိုင်းက ဖျော်ဖြေရေးကလပ်တွေထက် နိမ့်မှာ မဟုတ်ဘူးဆိုတာကို သူ ကြိုတင်မှန်းဆပြောနိုင်သည်။ ဘာပဲဖြစ်ဖြစ် နေ့ချင်းညချင်း ချမ်းသာလာဖို့က လူအများစုအတွက် သေစေနိုင်လောက်အောင် ဆွဲဆောင်နိုင်သည့်အရာပင်။ ကြီးကြပ်ရေးမှူးတင်းက ကျောက်အလောင်းကစားရုံ စီမံခန့်ခွဲဖို့ရန်အတွက် အရည်အချင်းပြည့်ဝသူ ဖြစ်သည်။ ကျောက်အလောင်းကစားရုံ ပြီးစီးသွားသည့်အချိန်၌ ကြီးကြပ်ရေးမှူးတင်းသည်လည်း ထန်ကူမြို့မှ ကိစ္စရပ်တွေကို လက်စသတ်ပြီး ကျောက်အလောင်းကစားလုပ်ငန်းကို တရားဝင်တာဝန်ယူဆောင်ရွက်ဖို့ရန် အသင့်ဖြစ်နေလောက်လေပြီ။

သူ့ရဲ့ အလေးထား စီမံပေးမှုက ယွီမိသားစုရဲ့ သားအဖအပေါ် ကြီးကြီးမားမား စိတ်သက်သာရာ ရသွားစေသည်။ ယွီဟိုင်က ရွာထဲမှာ အတော်လေး

စွမ်းဆောင်ရည်ရှိသူဟု ပြောစမှတ်တွင်သော်လည်း ဘာပဲဖြစ်ဖြစ် သူရဲ့ လုပ်ဆောင်နိုင်စွမ်းသည်လည်း ကန့်သတ်ချက် ရှိသည်။ ကြီးကြပ်ရေးမှူး တင်း၏ အကူအညီနှင့် ယွီသားအဖနှစ်ယောက် စီမံခန့်ခွဲမှု ပိုမို ကျွမ်းကျင်စေရန် အများကြီး သင်ယူရရှိခဲ့သည်။ ယွီဟိုင်လည်း နောက်ဆုံးမှာ ဤကဲ့သို့ စီမံကိန်းကြီးအား ကိုင်တွယ်ရန် ပထမဆုံးအကြိမ် ယုံကြည်မှုကြီး တစ်ခု ရရှိသွားသည်။

ယွီဟန်သည် အများစုကို လေးလေးနက်နက်နှင့် လေ့လာမှတ်သားနေသေးသူ တစ်ယောက်ပင်။ သူဟာ နဂိုကတည်းက ထက်မြက်သူတစ်ယောက် ဖြစ်ပြီး ရှောင်ချောင်းရဲ့ ဂရုတစိုက် ကြီးကြပ်မှုအောက်မှာ စာအုပ်တွေ အများကြီး လေ့လာဖတ်ရှုခဲ့သည်။ ထို့ကြောင့် သူ့အဖေထက် ပို၍ မြန်မြန်သင်ယူနိုင်ခဲ့သည်။ သူ့ရဲ့ ညီငယ်ညီမငယ်တို့၌ ကိုယ်ပိုင် အနာဂတ်အသီးသီးရှိကြပြီး အကြီးဆုံးသားအနေနဲ့ သူတို့၏ ဘိုးဘွားပိုင်မြေအုတ်မြစ်ကို ထိန်းသိမ်းစောင့်ရှောက်ရန် ဇာတ်မြို့မှာ နေထိုင်ရမည်။ ထို့ကြောင့် ထန်ကူမြို့ရှိ မျိုးစေ့ပျိုးလုပ်ငန်းနှင့် ဖန်လုံအိမ်စိုက်ပျိုးခင်းကို သူ့အား တာဝန်ပေးအပ်ထားသည်။

***